# မများပေမယ့် အားဖြစ်ပါတယ်

မကြာမီကပဲ ထိုင်းနယ်စပ်က မဲဆောက်မြို့လေးကို ရောက်ခဲ့တယ်။ မြန်မာနိုင်ငံသားတွေ အများဆုံးနေထိုင်တဲ့ ထိုင်းမြို့လေးပေါ့။ သူ့နိုင်ငံသွားပြီး သူ့ကျွန်ဖြစ်နေကြရတဲ့ ကိုယ့်နိုင်ငံသားတွေကို တွေ့မြင်ရတော့ စိတ်မကောင်း ဖြစ်ရပါတယ်ဆိုတဲ့ စကားထက် ပိုပြောချင်တဲ့ ခံစားမှုမျိုးဖြစ်ခဲ့ရတယ်။ ဒီထက်ပိုလို့ဆိုးတာကတော့ လူကြီးဆိုသူတွေရဲ့ အဆင်ခြင်မဲ့ မိုက်မဲမှုများကြားမှာ မြေဇာပင်ဖြစ်ကြရတဲ့ ကလေငယ်တွေအတွက်ပါ။ အပြစ်မဲ့တဲ့ ဒီကလေးငယ်တွေရဲ့ ဒုက္ခပေါင်းစုံကို တွေ့မြင်ရတော့ ဖော်ထုတ် ပြောပြ၊ ရေးပြလို့မရနိုင်တဲ့ ကြေကွဲမှုမျိုးကိုပါ ခံစားခဲ့ရပါတယ်။ အများတွေ ပြောသံကိုကြားရ၊ ရေးကြတာကို ဖတ်ရတော့ ကိုယ့်အမျိုးသားတွေရဲ့ ဒုက္ခက ဒီလောက်ကြီးလှမယ် ထင်မထားခဲ့ဘူး။ ကိုယ်တိုင်တွေ့မြင်လိုက်ရတော့ ထင်ထားတာထက် ပိုလို့ပင် ရင်နင့်ဖွယ်ဖြစ်ရပါတယ်။

စစ်ပွဲတွေဆိုတာ သားပျောက်တဲ့မိခင်၊ ရင်ခွင်မဲ့တဲ့ကလေး၊ ခိုကိုးရာမဲ့ဖြစ်ကြရတဲ့ အဖိုးအဖွားတွေကို မွေးဖွားပေးတတ်တာ သဘာဝပါ။ သို့ပေမယ့် ကမ္ဘာပေါ်က အကြာရှည်ဆုံးပြည်တွင်းစစ်လို့ သတ်မှတ်ကြတဲ့ ကိုယ့်အမိနိုင်ငံက စစ်မီးကြီးကတော့ လူသားတွေအတွက် သားပျောက်တဲ့မိခင်၊ ရင်ခွင်မဲ့တဲ့ ကလေး၊ ခိုကိုးရာမဲ့ အဖိုးအဖွားတွေပါမက ဆိုးရွားလှစွာပဲ နိုင်ငံပျောက်၊ မျှော်လင့်ချက်ပျောက်၊ အနာဂတ်ပျောက်၊ လူသားဘဝရဲ့ ရပိုင်ခွင့်အားလုံး ပျောက်ကြရတဲ့ လူသားများစွာကိုလည်း မွေးဖွားပေးခဲ့ပါတယ်။ ဆို့နင့်ကြေကွဲစရာ အဖြစ်အပျက်များစွာကိုလည်း သယ်ဆောင်လာခဲ့ပါတယ်။

သို့
ဦးဉာဏ

---

ကျောင်းဖွင့်စတွင်ကျောင်းသား(၈၇) ယောက်သာရှိခဲ့သော်လည်း ယခုအချိန်တွင်စစ်အစိုးရ၏အမျိုးမျိုး ဖိနှိပ်မှုတို့ကြောင့် ထွက်ပြေး၍လာသူများပြားလာသဖြင့်တပည့်တော်ကျောင်းတွင်ကျောင်းသားဦးရေ (၁၆၅)ဦးထိ တိုးလာပြီး မိဘမဲ့ကလေးငယ်(၃၅) ယောက်ကို ဆရာ၊ဆရာမများအနေဖြင့် အခက်အခဲအမျိုးမျိုးထဲမှ ပြုစုစောင့်ရှောက်ထိမ်း သိမ်းထားနေရပါသည်။

၂၀၀၇စာသင်နှစ်တွင် အလယ်တန်းအဆင့်သို့ရောက်ရှိလာပြီးထောက်ပံ့ကူညီပေးသော (**NCCM**) နေရှင်နယ် ကက် သလစ်ကော်မရှင် (**NGO**) မှ အလှူငွေပြတ်လပ်သွားသဖြင့် မိမိတို့ သွေးသစ်ကျောင်းအပါအဝင် ကျောင်း (၅) ကျောင်းကို(၃) လတိတိ ထောက်ပံ့ကူညီမှုရပ်တန့်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ တပည့်တော်တို့ ကျောင်းတွင်အ ရေးပေါ်အကူအညီ လိုအပ်နေသော ဆရာ၊ဆရာမများနှင့် ကျောင်းအိပ် ကျောင်းစား ကလေးငယ်(၃၅)ယောက်အား အရှင်ဘုရားအနေဖြင့် အကူအညီပေးပါရန် တပည့်တော်ရိုသေစွာ လျှောက်ထားအပ်ပါသည်။

ဇော်လွင်ဦး
(တာဝန်ခံ)
သွေးသစ်ကျောင်း
ထိုင်းမြန်မာနယ်စပ်(နောင်ဘွား)

| စဉ် | ကျောင်းသားဦးရေ | တစ်ရက်ကုန်ကျငွေ | တစ်လ | စုစုပေါင်းကုန်ကျငွေ |
|---|---|---|---|---|
| | ၃၅ | ၁၅ | ၃၀ | ၁၅၇၅၀ ဘတ် |




ခု သင်မြင်ရ၊ တွေ့ရတဲ့ကလေးတွေရဲ့ ဖြစ်အင်ကတော့ မဲဆောက်ဆိုတဲ့မြို့ကလေးရဲ့ အစွန်တစ်နေရာ တောကြားလေးက သနားစရာ့ ကလေးလေးတွေရဲ့ အဖြစ်အပျက်လေးတစ်ခုပေ့ါ။ ထိုင်းမြန်မာနယ်စပ်မှာတော့ ဒီဇာတ်လေးမျိုးတွေက အနမတဂ္ဂပါ။ ဒုက္ခတွေကြားမှာ မလှုပ်သာ မရှားသာကြတဲ့ ကလေးငယ်တွေရဲ့ ဘဝတွေ ဘယ်သောင်တင်လို့ ဘယ်ကမ်းကိုများဆိုက်ကြလေမလဲဆိုတာ ဘယ်သူမှ ကြိုတင်မှန်းဆလို့ မရနိုင်တဲ့အနေအထားပါ။ ဒုက္ခတွေပင်လယ်ဝေနေယံမှုမက သမုဒ္ဒရာထက်ပင်ကျယ်ပြောလှတဲ့ ဒုက္ခပြင်ကျယ်ထဲက သူတို့လေးတွေရဲ့ ဘဝများဟာဖြင့် တကယ့်ကိုမှ ကမ်းပျောက်ငှက်ကလေးများအလား အလားပါ။ နားခိုစရာ နေရာကလည်း မခိုင်မာ၊ ရပ်တန့်ဖို့ကလည်း မဖြစ်၊ ပျံသန်းဖို့ဆိုပြန်တော့လည်း အတောင်က မစုံသေး၊ တွေးကြည့်ရုံမျှနဲ့ကိုပဲ ရင်လေးဖွယ်ရာ ဖြစ်ရပါတယ်။

နိုင်ငံတစ်နိုင်ငံမှာဖြစ်ပေါ်နေတဲ့ ပြဿနာပေါင်းစုံကို အမြစ်အရင်းကနေ ပြောင်းလဲပါမှ တကယ်ပြေလည်မယ်ဆိုတာကိုတော့ နားလည်ပါတယ်။ အဖျားမှာရှိနေတဲ့ အကိုင်းအခက်တွေလောက်ကိုသာ လိုက်လံဖြေရှင်းနေရုံမျှနဲ့တော့လည်း တကယ့်ပြဿနာက အမှန်ပြေလည်သွားမယ် မဟုတ်ဘူးပေ့ါ။ ဒါကိုနားလည်ပါတယ်။ သို့ပေမယ့် စားဖို့ရာမရှိလို့ငိုနေတဲ့ကလေးငယ်တွေ၊ ဝတ်စရာ မရှိလို့ ညစ်နေရှာတဲ့ကလေးငယ်တွေ၊ အိပ်စရာနေရာ မရှိကြရှာလို့ ထိတ်ပျာကြောက်ရွံနေရရှာတဲ့ ကလေးငယ်တွေရဲ့ ဒုက္ခတွေက ဘယ်လိုမှ လျစ်လျူပြုထားဖို့ မသင့်တဲ့ အနေအထားပါ။ အမြစ်ကို မတူးဖြိုနိုင်မီမှာပဲ လက်ငင်းဖြေရှင်းဖို့ အရေးတကြီး လိုအပ်နေတဲ့အရာများပါ။

သင့်ရဲ့ အနည်းငယ်သော စာနာမှုဟာ လူသားတစ်ဦးရဲ့ ဘဝကို ပြောင်းပြန်လှန်ပစ်နိုင်လောက်အောင် စွမ်းအားဖြစ်စေနိုင်တယ်ဆိုတာ သင်ကိုယ်တိုင်က သိလျင်မှ သိမှာပါ။ သို့ပေမယ့် ဒါဟာ ဖြစ်နိုင်တဲ့အရာပါပဲဆိုတာ ခုပူးတွဲပါလာတဲ့ အသနားခံစာကို ဖတ်ကြည့်၊ ရုပ်ပုံများကိုကြည့်မိလျင် သင်ကိုယ်တိုင် ကောင်းကောင်းလက်ခံလာနိုင်မှာပါ။ ။

ငိုနေတဲ့ကလေးလေးတွေ အငိုတိတ်သွားအောင် တို့တွေစားသုံးနေတဲ့ အစာထဲကနေ နည်းနည်းလေးဖြစ်ဖြစ် ဖဲ့ကျွေးကြရအောင်လား။ ဒါဟာ မွန်မြတ်တဲ့ လုပ်ရပ်ပါ။ ။

အရှင်ဉာဏိက
အမေရိက